PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# မြန်မာနိုင်ငံတရားရုံးများနှင့် အာဏာပိုင်များ၏ အဂတိလိုက်စားမှုများအပေါ်သုံးသပ်ချက်

## နိဒါန်း

၁။ မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုများရှိနေကြောင်း၊ နအဖ အစိုးရဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၈ ခုနှစ် ဇန်နဝါရီ မှ စက်တင်ဘာလထိ (၉) လအတွင်းစစ်အစိုးရဝန်ကြီးဌာနပေါင်းစုံမှ အဂတိလိုက်စားသည့် အမှုပေါင်း ၄၄၈ မှုရှိသည်ဟု ဝန်ခံပြောဆိုထားပြီးဖြစ်သည်။ သို့ရာတွင် မည်သည့်ဝန်ကြီးဌာနက မည်မျှ အဂတိလိုက်စားသည်။ မည်သည့်ရာထူးအဆင့်ရှိသူများက မည်သို့ အဂတိလိုက်စားသည်ကိုမူ အတိအလင်းထုတ်ပြန်ကြေငြာထားမှုမရှိကြောင်းတွေ့ရှိသည်။ [၁]

ထိုကဲ့သို့ အဂတိလိုက်စားမှုများအနက် ၂၀၀၈ ခုနှစ် စက်တင်ဘာလ (၁၀) ရက်၊ မြင်းခြံမြို့ကောလိပ်ကျောင်းသား မန်ဘူခီး အသတ်ခံရမှုနှင့် စပ်လျဉ်းပြီး တရားရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲများ၊ လောင်းကစားသမားများ၊ ကြံ့ခိုင်ရေးအဖွဲ့ဝင်များ ပါဝင်ပတ်သက်နေသည့် အဂတိလိုက်စားမှုကြီး နှင့် မြန်မာနိုင်ငံတရားစီရင်ရေး စနစ်၏ ယိုယွင်းပျက်စီးနေမှုကို အောက်ပါအတိုင်းသုံးသပ်တင်ပြအပ်ပါသည်။

## မြင်းခြံဒီဂရီကောလိပ် သတ္တဗေဒ ဒုတိယနှစ်ကျောင်းသား မန်ဘူခီးကို လူအုပ်စုဖြင့် ဝိုင်းဝန်းသတ်ဖြတ်ခြင်း

## ၂။ အမှုဖြစ်စဉ်အကျဉ်း

၂၀၀၈ ခု၊ စက်တင်ဘာလ (၁၀) ရက်နေ့ ည (၁၀)နာရီခွဲဝန်းကျင်ခန့်က မြင်းခြံမြို့၊ ကောလိပ်ကျောင်းသတ္တဗေဒ ဒုတိယနှစ်တွင် ပညာဆည်းပူးလျှက်ရှိသော မန်ဘူခီး ကိုမြင်းခြံမြို့ အမှတ် (၁) ရဲစခန်းနှင့် ကိုက် (၅၀) ခန့်အကွာတွင် လူ (၂၀)ခန့်က ဝိုင်းဝန်းသတ်ဖြတ်ခြင်းကို ခံခဲ့ရပြီး ၎င်းနေရာ၌ပင် ပွဲချင်းပြီး သေဆုံးခဲ့သည်။

မန်ဘူခီးသည် နတ်မတော်အမျိုးသားဉယျာဉ်တွင် တောကြပ်တာဝန်ထမ်းဆောင်နေသူ စစ်မှုထမ်းဟောင်း ဦးဟုန်မန်း၏ သားရတနာဖြစ်ကာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ပယက) ဥက္ကဌ ဗိုလ်မှူးချုပ်ဟွန်ငိုင်း၏ တူဝမ်းကွဲတော်စပ်သူလည်းဖြစ်သည်။ [၂]

အုပ်စုဖွဲ့၍ ဝိုင်းဝန်းသတ်ဖြတ်သူများသည် မူးယစ်ဆေးဝါးသုံးစွဲထားသူများဖြစ်ကာ ဒေသဆိုင်ရာ အာဏာပိုင်များ၏ ဆွေမျိုးသားချင်းများလည်းပါဝင်နေခဲ့သည်။ [၃]

မန်ဘူခီးအသတ်ခံရမှုနှင့် စပ်လျဉ်း၍ သက်သေ ၅ ဦးကို တရားရုံးတွင်စစ်ဆေးရာ ကျောက်ခဲ (ခ) ကျော်သူရသည် ဓားနှင့် ခုတ်သူဖြစ်ကြောင်း ငွေသဇင်ချဲဒိုင် ကိုမျိုး၏ သားဖြစ်သူက စကောဘာနှင့် ထိုးကြောင်း၊ မြင်းခြံခရိုင် ခယက ဥက္ကဌ ဦးလှမိုး၏ မွေးစားသားသည် အုတ်ခဲဖြင့် ထုသူဖြစ်ကြောင်း အတိအကျထွက်ဆိုအစစ်ခံခဲ့

---

[1] The New Era Journal (08. January 2009)
[2] အေးနိုင်၊ ဒီဗွီဘီ၊ (၁၁) စက်တင်ဘာ၊ ၂၀၀၈
[3] အေးနိုင်၊ ဒီဗွီဘီ၊ (၁၂) စက်တင်ဘာ၊ ၂၀၀၈

ပါသည်။ ထို့ပြင် သူဌေးဦးသိန်းဇော်၏ သားဖြစ်သူနှင့် မြင်းခြံမြို့နယ် ရဲစခန်း ဒုလုံခြုံရေးမှူး၏ သားဖြစ်သူတို့မှ တုတ်ဖြင့်ဝင်ရောက်ရိုက်နှက်ခဲ့ကြကြောင်းလည်းထွက်ဆိုခဲ့ကြသည်။[4]

**၃။ မန်ဘူခီးအသတ်ခံရမှုနှင့် ပတ်သက်၍ ရရှိသော သတင်းအချက်အလက်များအပေါ်တွင်သုံးသပ်ချက်**

မန်ဘူခီးအသတ်ခံရမှုနှင့် ပတ်သက်၍ မြင်းခြံမြို့ ရဲစခန်းမှ လူအုပ်စုဖြင့်ဝိုင်းဝန်းရိုက်နှက်ခံရကြောင်း အတည်ပြုပြောဆိုခဲ့သည်။ [5] ထိုကဲ့သို့ လူအုပ်စုဖြင့်တချိန်တည်းတပြိုင်တည်းသတ်ဖြတ်နိုင်ခဲ့ခြင်းမှာ အာဏာပိုင်အသိုင်းအဝိုင်း၏ ဆွေမျိုးရင်းချာများ ပါဝင်ပတ်သက်နေသောကြောင့်ဖြစ်သည်။[6]

၄။ မန်ဘူခီး အသတ်ခံရမှုသည် လူအုပ်စုဖြင့် ဝိုင်းဝန်းသတ်ဖြတ်မှုသာဖြစ်ပြီး လူသေမှုလုံးဝ မဖြစ်နိုင်ပါ။ ဝိုင်းဝန်း သတ်ဖြတ်သူများကိုလည်း သတ်ဖြတ်ပြီးအချိန်မဆိုင်း ဖမ်းဆီးစစ်ဆေးနိုင်ခဲ့ပြီးဖြစ်ပါလျှက် – လူသေမှုအဆင့်သို့လျှော့ချနိုင်ရန်အတွက် –

၁– ရဲမှူးကြီးထွန်းဆင့်

၂– တရားသူကြီး ဒေါ်သွဲ့သွဲ့အုန်းနှင့် ဒေါ်မေလင်းညို စသူတို့သည် ကျပ်သိန်း(၇၀) ကိုလာဘ်ယူမှု ကျူးလွန် ခဲ့ကြောင်း –

၃–တိုင်းတရားသူကြီးနှင့် ဆေးရုံတာဝန်ရှိသူများကိုလည်း ငွေကျပ်(၆၃) သိန်းလာဘ်ထိုးထားကြောင်း သိရှိရသည်။[7]

ပြည်ထောင်စုကြံ့ခိုင်ရေးအသင်းတာဝန်ရှိသူများ၊ တရားရေးဝန်ထမ်းများ၊ ဆေးရုံဝန်ထမ်းများ၊ ရဲအရာရှိများ စသူတို့ပူးပေါင်း၍ အဂတိလိုက်စားမှုကို ကျူးလွန်ကြခြင်းသာ ဖြစ်သည့်အတွက် အမှုမှန်အတိုင်းမပေါ်ပေါက်ပါက – အသက်ဆုံးရှုံးခဲ့ရသူ – ကောလိပ်ကျောင်းသား မန်ဘူခီးနှင့် မိသားစုအတွက် လွန်မင်းစွာ ထိခိုက်နစ်နာစေမည်ဖြစ်ပါသောကြောင့် –

မန်ဘူခီး အသတ်ခံရမှု နှင့် စပ်လျဉ်း၍ စစ်ဆေးလျှက်ရှိသော မူလတရားရုံးတော်မှ မှန်ကန်စွာ စစ်ဆေးစီရင်၍ တိကျသောအမိန့်တစုံတရာကို ချမှတ်သင့်ကြောင်းတောင်းဆိုလိုက်သည်နှင့် အညီ – ၎င်းအမှု စစ်ဆေးစီရင် နေသည်ကိုလည်းသတိကြီးစွာထား၍ စောင့်ကြည့်သင့်ပါသည်။ အဂတိလိုက်စားမှု ကင်းစင်ပပျောက်ရေးနှင့် မှန်ကန်တိကျသည့် တရားစီရင်ဆုံးဖြတ်ချက်ဖြစ်ရန် လိုအပ်ပါကြောင်း သုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံ ရှေ့နေများ ကောင်စီ**

**နေ့စွဲ–ဇန်နဝါရီ (၂၈)ရက်၊ ၂၀၀၉–ခုနှစ်**

**အသေးစိပ်သိလိုပါလျှင် ဆက်သွယ်ရန်– ဦးမျိုး (၀၈၆၂၁၆ ၀၁၀၈)၊ တာဝန်ခံ၊ ဥပဒေ ရေးရာ သုံးသပ်ရေး အဖွဲ့။**

---

4 ၂၅ စက်တင်ဘာ၊ ၂၀၀၈ ခု ခင်မောင်စိုးမင်း၊ ဒီဗွီဘီ သတင်းထောက်၊ အန္ဒိယ

5 ၁၁၊ စက်တင်ဘာ ၂၀၀၈ ခု အေးနိုင် ဒီဗွီဘီ သတင်းထောက်ထိုင်း

6 ၂၅ စက်တင်ဘာ၊ ၂၀၀၈ ခု ခင်မောင်စိုးမင်း၊ ဒီဗွီဘီ သတင်းထောက်၊ အန္ဒိယ

7 ဒီဗွီဘီ၊ ၂၁ ဒီဇင်ဘာ ၂၀၀၈၊ အေးနိုင် ဒီဗွီဘီ သတင်းထောက်၊ထိုင်း